
# Brief From Market System Analysis Of Coffee In Chin State


## Coffee production in Myanmar

Coffee was originally introduced in Myanmar in 1885 by missionaries in Myeik and Dawei, both on the western coast of the country's southern tip. While coffee production has ceased in Myeik and Dawei, Robusta growing continues in Kayin State to this day. Coffee production in Myanmar has now been distributed throughout several regions, including Shan State, Mandalay Region, Kayin State, Chin State, Kachin State, Kayah State, and Rakhine State. Myanmar have nearly 50,000 acres (20,243 ha) of coffee plantations in 2020, which consist of about 75-80% of Arabica coffee and 20-25% of Robusta coffee plantations. Depending on this sown acres, 8,769 MT of coffee beans, with an average yield of 0.7 tons per hector, was produced in 2019 - 2020.

**Mainly coffee growing areas by states and regions in Myanmar**




**Coffee production by states and regions in Myanmar**





*Data source: Myanmar AgriculturalStatistics Book (2021)*

# Market Analysis Of Domestics And International Market

Export countries and coffee specialty: Myanmar coffee is mainly exported to 17 countries in 2020, including the United States, the United Kingdom, European countries, ASEAN countries, and some Asian countries. The largest volume of coffee is exported to ASEAN countries, which account for 254 MT, and followed by EU countries and Japan with 100 MT and 88 MT respectively. Myanmar coffee is now produced as both specialty and premium coffee, as well as commercial coffee. The best coffee and specialty coffee are primarily exported to the United States, European countries, Japan, and Korea, whereas commercial coffee is only exported to neighboring nations such as China and Thailand.

### Myanmar Coffee Export Volume, MT(2020)




**Market Dynamic:** The Myanmar arabica coffee trade has seen substantial shifts in recent years. Thailand's enormous demand for coffee beans has a significant impact on Myanmar's arabica coffee supply chain. Few specialty coffee producers emerged in the local coffee sector around 2017 and 2019 as a result of USAID's and UNODC's coffee value chain interventions. Likewise, Myanmar's domestic coffee market reached its peak in the 2022 coffee season because of high demand from Thailand and high prices offered even for normal-quality coffee cherries or coffee green beans.

**Market segment of coffee:** Arabica is the most commonly farmed variety (80%); however, about 20% of total cultivation is covered by Robusta coffee, especially in lower hilly regions. Arabica coffee is grown in Myanmar's highlands, from the mountains of Chin State near the Indian border to the base of the Himalayas in Kachin State and all the way around to the highlands of Kayah State on the Thai border. Depending on standardized Q-grade system scores, specialty coffee has the highest value and is also the fastest-growing segment of the beverage business, despite accounting for only 10% of total coffee sales, whereas commodity coffee is still the vast majority of all coffee consumed in the world (90%). The Arabica coffee produced in Shan State's Ywangan region is regarded as a specialty coffee around the world. In regards to product specification, organic coffee has been used as a marketing tool to attract new consumers. Genius coffees in Ywangan get organic certification. Organic roasted beans are distributed in local markets as well as exported internationally. Fairtrade coffee is a niche market that is typically sold at the highest premium price.

| Way of Segmentation | Segments | Contribution |
|---|---|---|
| By Variety | Arabica | 80% |
| | Robusta | 20% |
| By Grade | Commodity coffee | 90% |
| | Speciality coffee | 10% max |
| By Specification | Conventional | >90% |
| | Organic | 5-7% |
| | Fairtrade | Only one company at current |

# Market analysis of Chin Coffee

A total of 74 sample coffee farmers participated in the present study. Agriculture is the main source of income for farm households. Coffee cultivation is mostly practiced by intercropping with other crops, such as avocado, elephant foot yam, maize, mango, and banana. There are also coffee sole croppings, which are 34% in Mindat and 7% in Kanpetlet.

More than 80% of the coffee produced in Chin State are arabica coffee varieties, which were primarily introduced by missionaries in 1885. As a result of winning the coffee cupping competition hosted by Winrock's (USAID) coffee value chain development project in 2016, Chin Coffee has been recognized as high quality coffee among coffee produced in other locations. The continued support of MCA, government departments, and NGOs, together with the enthusiasm and efforts of some local private sector actors, has resulted in tremendous improvement in the Southern Chin State coffee industry in recent years. However, the majority of coffee beans produced in Chin do not have a distinct market position and are regarded as being of poor quality due to quality issues imposed by improper harvest and post-harvest practices by the majority of coffee growers and processors. There are still numerous obstacles to overcome when it comes to quality issues.

**Market flow:** Coffee produced in Southern Chin State flows into the existing coffee industry in various forms at each level, based mainly on the quality of the products. Farmers produce coffee parchments and green beans using a simple, natural pulping process. The raw coffee green beans produced by farmers at village level were mainly sold to the township traders and processors. Dome traders and processors in Chin State have developed better connections with traders and processors in POL as well as in Shan State, particularly Ywangan, thereby striving for improvements in coffee harvest and post-harvest processing methods and also coffee roasting methods. As a result, there is better market potential for the better-quality coffee green beans produced in Southern Chin State after 2018. Only a very limited amount produced by the ***Hornbill Chin Coffee*** brand had been exported once to the USA market, in 2019, but shipments were stopped after one year due to unfavorable political circumstances.



**Commercial operators and buyers: Myanmar Coffee Group (MCG)** takes a leading position in the Myanmar coffee industry as a specialty coffee exporter and a support services provider for the smallholders for export processing, dry-milling, and export logistics services. **Amayar Women Coffee Producer Group** in Ywangan township is producing and exporting specialty arabica coffees directly to the USA and other countries. This group-owned processing facility provides export dry-mill services as well as specialty coffee export services for other small-holder coffee groups evolved in Ywangan and other townships in Southern Shan State, as well as for Chin State Horn Bill Chin coffee producers. Golden Bean Company specializes in the processing and trading of coffee produced in southern Shan State to Malaysia, Thailand, and Hong Kong.The company produces both specialty coffee and commercial coffee, but a greater proportion of commercial coffee. Green Gold Coffee Cooperative Society currently exports Fairtrade certified (as a Small Producer Organization) coffee to the EU market via Malango French Coffee Company, starting in 2017. Currently, the company exports an average of 160 MT of coffee green beans annually.

**Price setting practices:** In the coffee-growing regions of Myanmar, the yearly and periodic buying price setting of fresh coffee cherries as well as dried green beans is mainly initiated by the decisions of lead traders and processors in the region before the start of the season. Traders mainly refer to the coffee green bean price offer happening at the China border and Thailand border gates because the majority of production amounts flow into those two main routes. Specialty coffee exporters reported that the international market price for specialty coffees is quite stable. Hence, they used to consider a few factors in setting the price offer for fresh cherries, namely, last year's price range, the exchange rate of USD for export earnings, the cost of logistics services, etc., while also looking at the price offer by the commercial coffee traders to incentivize the community specialty coffee groups.

**Quality requirements and effort:** Coffee quality is strongly reflected in the shape, size, texture, color, and bean chemistry of the raw bean, which are inherent characteristics. The quality expectations of coffees produced in Myanmar by the different producers and processors will also differ based on the respective buyers and their target markets. To fulfill these requirements, a few pioneer processors have been trying to apply good practices along the coffee supply chain, starting with the coffee cherry buying practices from farmers and also upgrading processing methods by installing improved equipment, machines, and infrastructure, such as solar drying systems in the coffee industry, especially in Mindat. These actors had invested money, time, and effort to meet the quality expectations of buyers and consumers, having thoroughly understood the market potentials and future direction of the coffee industry in southern Chin State.

**End market opportunities:** Thailand, China, and Malaysia were the main destinations of commercial green coffee exports from Myanmar. Japan, the United Arab Emirates, South Korea, Australia, and France also followed, while shipments for those countries experienced more modest paces of growth. In a dynamically developing coffee market, big players and niche competitors interact in the competition for customers and push or pull towards better practices. Best practices for coffee producers would change from a barrier to a driver for local market diversification and innovation culture.

In this regard, the opportunities highlighted for Chin coffee are

(1) niche market opportunity with speciality grade coffee,
(2) expansion of domestic production driven by the quality demanded by high-end markets, and
(3) organic or Fairtrade coffee could create the highest value for the Chin coffee communities.



# PESTEL analysis


**Political factors** such as the depreciation of Myanmar's currency, the tremendous increase in the cost of major inputs for agriculture, logistics, and transport, and uncertain international trade conditions pose significant challenges throughout the coffee value chain in a very fragile political situation.

**Economic factors:** high inflation, high consumer prices, instabilities, decreased job opportunities, and lowered productivity since the coup have been leading to the failed state of the country's economy. **Sociocultural factors** like modern consumer healthy trend and Fairtrade coffee products in the developed countries lead to demand on decaffeinated coffee and Fairtrade coffee products. One of the big changes in terms of **technology** in the coffee industry is the advent of new, coffee-specific appliances. The private sector's investment in hulling, drying, and processing machines also empowers small and medium-sized businesses to improve coffee processing and marketing both domestically and internationally.

**Environmental concerns:** unsustainable farming processes such as slash and burn can result in deforestation. Other environmental concerns associated with farming include the use of pesticides and fertilizers, as well as commercial farming's use of water. Initiation on the sustainable practices of coffee production in Chin State would be favorable to the development of the coffee sector. Adoption and certification of organic and fair-trade coffee would somehow contribute to the sustainability of the coffee industry without affecting the environment.

**Legal factors:** as a product designed for consumption, coffee falls under food and drink regulations in nearly all of the world's jurisdictions. Being a member of WTO, Myanmar follows WTOs' trade requirements as well as buyer's demanded factors. However, it is difficult to imagine a version of Myanmar further away from rule of law since national bodies cannot be operating well.






## Recommendations

**Increase productivity at the production and aggregation level** through the implementation of better management, a zoning approach, and marketing practices associated with quality, technical, and sustainability requirements.
**Provide technical assistance in all steps of coffee production** through the development of sustainable best practices training materials, drying technologies, and good post-harvest practices training materials.
**Upgrade processing units** through collaboration with processors, proper aggregation of processing units, and the introduction of proper sampling protocol in order to enhance quality products and sector development.
**Expend market linkage and networks** with national and international associations to penetrate high quality Chin coffees into high-end international markets.
**Improve access to finance** through medium term loans for the infrastructure development and product diversification related to SME development programs for the local processors.
**Access market information services** through the day-to-day market information system, including the information collection, generation, and dissemination on coffee markets, in order to help the coffee value chain actors overcome the systemic challenges associated with imperfect information.


Prepared by
**myanSEED Agribusiness Consultancy Co.,Ltd**

# ချင်းပြည်နယ် ကော်ဖီဈေးကွက်စနစ်လေ့လာချက် အကျဉ်းချုပ်


## မြန်မာနိုင်ငံရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု

ကော်ဖီကို ခရစ်ယာန်သာသနာပြုအဖွဲ့များမှ မြန်မာနိုင်ငံ တောင်ဘက်၊ကမ်းရိုးတန်းဒေသရှိ မြိတ်နှင့် ထားဝယ်ဒေသများ၌ ၁၈၈၅ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ နောက်ပိုင်းတွင် ယင်းဒေသများ၏ ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှု ရပ်တန့်သွားသော်လည်း ကရင်ပြည်နယ်တွင် ရိုဘတ်စတာကော်ဖီကို ယနေ့တိုင် စိုက်ပျိုး ထုတ်လုပ်နေဆဲဖြစ်သည်။ ကော်ဖီကို ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ အပါအဝင် မြန်မာနိုင်ငံရှိ တိုင်းနှင့်ပြည်နယ်နေရာအများ တွင် စိုက်ပျိုးလျှက်ရှိကြသည်။ မြန်မာနိုင်ငံ တွင် ၂၀၂၀ ခုနှစ်၏ ကော်ဖီစိုက်ပျိုးမှုမှာ ဧက ၅၀,၀၀၀ (၂၀,၂၄၃) ဟက်တာ နီးပါး ရှိပြီး၊ ယင်း၏ (၇၅ မှ ၈၀) ရာခိုင်နှုန်းမှာ အာရေဗီကာ ကော်ဖီ အမျိုးအစား၊ (၂၀ မှ ၂၅) ရာခိုင်နှုန်းမှာ ရိုဘတ်စတာ ကော်ဖီ အမျိုးအစားများဖြစ်သည်။ ဤစိုက်ဧက အရ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကော်ဖီအစေ့ ထွက်ရှိမှုမှာ (၈,၇၆၉) မက်ထရစ်တန် ရှိပြီး၊ တစ်ဟက်တာလျှင် ပျမ်းမျှ အထွက် (၀.၇) တန် ရှိပါသည်။

**မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းအလိုက် ကော်ဖီစိုက်ဧရိယာပြပုံ**




**မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းအလိုက် ကော်ဖီထုတ်လုပ်မှုပြပုံ**





*Data source: Myanmar AgriculturalStatistics Book (2021)*

# ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များကို လေ့လာသုံးသပ်ခြင်း

### ကော်ဖီ အတန်းအစားများ နှင့် တင်ပို့ရောင်းချသော နိုင်ငံများ

မြန်မာ့ကော်ဖီကို ၂၀၂၀ခုနှစ်တွင် အမေရိကန်၊ ဗြိတိန်၊ ဥရောပနိုင်ငံများနှင့် အာဆီယံနိုင်ငံများ အပါအဝင် ၁၇ နိုင်ငံ သို့ တင်ပို့ခဲ့သည်။ အာဆီယံ နိုင်ငံများသို့ ကော်ဖီ တင်ပို့မှု အများဆုံးပမာဏ (၂၅၄) မက်ထရစ်တန် ရှိခဲ့ပြီး ဥရောပနိုင်ငံများသို့ (၁၀၀) နှင့် ဂျပန်နိုင်ငံသို့ (၈၈) မက်ထရစ်တန် အသီးသီး တင်ပို့ခဲ့သည်။ မြန်မာ့ကော်ဖီ ထုတ်လုပ်မှုမှာ ယခင်က ရောင်းတန်း (commodity) အဆင့်သာ အများဆုံး ထုတ်လုပ် ရောင်းချခဲ့ရာမှ ယခုအခါ အထူးတန်းဝင်ကော်ဖီ (Specialty Coffee) နှင့် အရည်အသွေးမြင့်ကော်ဖီ (Premium Coffee) အဆင့်အထိ တိုးတက်ထုတ်လုပ် လာနိုင်ပါသည်။ အကောင်းဆုံးအဆင့်အတန်းဖြစ်သော အထူးတန်းဝင် ကော်ဖီစေ့များကို အမေရိကန်၊ဂျပန်၊ ဥရောပနိုင်ငံများ၊ ဩစတေးလျ နှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့နေရပြီး သာမန်ရောင်းတန်း ကော်ဖီစေ့များကို တရုတ်နှင့် ထိုင်းနိုင်ငံ ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချ နေပါသည်။ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံအသီးသီးသို့ ကော်ဖီ တင်ပို့ရောင်းချနေမှု ပမာဏများကို ပုံ(၁) တွင်ဖော်ပြထား ပါသည်။




*မြန်မာ့ ကော်ဖီ တင်ပို့ရောင်းချမှု*

### ဈေးကွက်အနေအထား။

မြန်မာနိုင်ငံ၏ အာရေဗီကာကော်ဖီ ထုတ်လုပ်ရောင်းဝယ်မှုတွင် မကြာသေးမီနှစ်များအတွင်းက သိသာသော အရွေ့များ ဖြစ်ပေါ်ခဲ့သည်။ USAID နှင့် UNODC အစီအစဉ်တို့မှ ဖေါ်ဆောင်သော ကော်ဖီသီးနှံတန်ဖိုး ကွင်းဆက်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ၏ အကျိုးရလဒ် အဖြစ် ၂၀၁၇ မှ ၂၀၁၉ ကာလများမှစတင်ကာ ပြည်တွင်း ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍတွင် အထူးတန်းဝင် အာရေဗီကာကော်ဖီ ထုတ်လုပ်ရောင်းချနိုင်သူများ ပေါ်ထွက် လာခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံ၏ မြန်မာ့ကော်ဖီကို ဝယ်လိုအား အလွန်မြင့်မားလာမှုသည် မြန်မာ့ကော်ဖီ ထုတ်ကုန်ကွင်းဆက်အပေါ် သိသာထင်ရှားသော အကျိုး သက်ရောက်မှုများရှိလာသည်။ ထိုသို့ အထူးတန်းဝင် အာရေဗီကာကော်ဖီ ထုတ်လုပ်လာမှု နှင့် ဈေးကွက်ဝေစုရရှိလာမှု၊ ထိုင်းနိုင်ငံ၏ မြင့်မားလာသော ဝယ်လိုအား တို့ကြောင့် ၂၀၂၂ခုနှစ် ကော်ဖီရာသီတွင် ပြည်တွင်း ကော်ဖီရောင်းဝယ်ရေး ဈေးကွက်အတွင်း ကော်ဖီသီးအစို သာမက၊ သာမန်ရောင်းတန်းအဆင့် ကော်ဖီစေ့များပါ ဈေးနှုန်းများအထူးမြင့်တက်ခဲ့ပြီး မြန်မာ့ ပြည်တွင်းကော်ဖီဈေးကွက်သည် အမြင့်ဆုံးသို့ ရောက်ရှိ ခဲ့သည်။

### ကော်ဖီ ဈေးကွက် အမျိုးမျိုး

မြန်မာနိုင်ငံတွင် အာရေဗီကာကော်ဖီမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး စုစုပေါင်းထုတ်လုပ်မှု၏ (၈၀) ရာခိုင်နှုန်း အထိရှိသည်။ ကျန် (၂၀) ရာခိုင်နှုန်းမှာ ရိုဘတ်စတာ ကော်ဖီမျိုးများဖြစ်ပြီး ကရင်ပြည်နယ် အပါအဝင် အနိမ့်ပိုင်း တောင်ပေါ်ဒေသများတွင် အများဆုံး စိုက်ပျိုးကြသည်။ အာရေဗီကာကော်ဖီကို မြန်မာနိုင်ငံ၏ အမြင့်ပိုင်း တောင်တန်းဒေသများ ဖြစ်သော ချင်းတောင်တန်းများ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးကြသည်။ နိုင်ငံတကာ စံချိန်စံညွှန်းဖြစ်သော Q-grade စနစ်ရမှတ်များပေါ် မူတည်၍ ထုတ်လုပ်ရသည့် အထူးတန်းဝင်ကော်ဖီများသည် တန်ဖိုးအမြင့်ဆုံးရရှိပြီး၊ စားသုံးမှုအနေဖြင့် (၁၀) ရာခိုင်နှုန်းသာ ရှိသော်လည်း အလျင်မြန်ဆုံးနှုန်းဖြင့် တိုးတက်နေသည့် ကမ္ဘာ့ အဖျော်ယမကာလုပ်ငန်းကဏ္ဍတွင် ပါဝင်လာသည်။ ရောင်းတန်းကော်ဖီများမှာမူ ကမ္ဘာ့ကော်ဖီ စားသုံးမှု၏ ၉၀ ရာခိုင်နှုန်းထိ ရှိနေပါသည်။

ရှမ်းပြည်နယ် ရွာင်ဒေသတွင် စိုက်ပျိုးထုတ်လုပ်သော အာရေဗီကာကော်ဖီကို ကမ္ဘာတဝှမ်းက အထူးတန်းဝင် ကော်ဖီအဖြစ် သတ်မှတ်လာကြပါသည်။ အော်ဂဲနစ်ကော်ဖီ များသည်လည်း စားသုံးသူအသစ်များအား ဆွဲဆောင်နိုင် လာပါသည်။ ရွာင်ဒေသရှိ ဥာဏ်ကြီးရှင်ကော်ဖီ (Genius Coffee)သည် အော်ဂဲနစ်အသိအမှတ်ပြုလက်မှတ် ရရှိထား ပြီးဖြစ်ကာ၊ အသင့်လှော်ပြီး အော်ဂဲနစ်ကော်ဖီစေ့များကို ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေပြီး၊ နိုင်ငံ တကာသို့လည်း တင်ပို့ရောင်းချလျက်ရှိပါသည်။ Fairtrade လက်မှတ်ရ ကော်ဖီသည်လည်း အထူးသီးသန့် ဈေးကွက်သို့ ရောင်းချနိုင်ကာ ထိပ်တန်း ဈေးနှုန်းများ ရလေ့ရှိသည်။

| ပိုင်းခြားပုံ | ဈေးကွက် အစိတ်အပိုင်း | ဈေးကွက်ဝေစု |
|---|---|---|
| မျိုးအရ | အာရေဗီကာ | ၈၀% |
| | ရိုဘတ်စတာ | ၂၀% |
| အဆင့်အရ | ရောင်းတန်း ကော်ဖီ | ၉၀% |
| | အထူးတန်းဝင်ကော်ဖီ | အများဆုံး ၁၀% |
| အမျိုးအစား ခွဲခြားမှု | သမားရိုးကျ | >၉၀% |
| | အော်ဂဲနစ် | ၅-၇% |
| | Fairtrade | လက်ရှိတွင် ကုမ္ပဏီ တစ်ခုတည်းသာရှိသေးသည် |

# ချင်း ကော်ဖီဈေးကွက် လေ့လာသုံးသပ်ချက်

ယခုလေ့လာမှုတွင် ကော်ဖီစိုက်ပျိုးသူ စုစုပေါင်း ၇၄ ဦး ပါဝင်ခဲ့သည်။ စိုက်ပျိုးရေးသည် ကျေးရွာအိမ်ထောင်စုများ အတွက် အဓိကဝင်ငွေအရင်းအမြစ် ဖြစ်သည်။ ကော်ဖီစိုက်ပျိုးခြင်းကို အများအားဖြင့် ထောပတ်သီး၊ ဝဥ၊ ပြောင်း၊ သရက်သီးနှင့် ငှက်ပျောသီး စသော အခြားသီးနှံများနှင့် ရောနှော၍ စိုက်ပျိုးကြသည်။ ကော်ဖီပင်သီးသန့် စိုက်ပျိုးမှုမှာ မင်းတပ်တွင် ၃၄% နှင့် ကန်ပက်လက်တွင် ၇% ရှိသည်။

ချင်းပြည်နယ်မှ ထွက်ရှိသော ကော်ဖီ၏ ၈၀% ကျော်သည် ၁၈၈၅ ခုနှစ်တွင် ခရစ်ယာန် သာသနာပြုများက ယူဆောင်မိတ်ဆက်ပေးခဲ့သော အာရေဗီကာကော်ဖီ၏ မျိုးကွဲများသာဖြစ်သည်။ ချင်းကော်ဖီကို အရည်အသွေး မြင့်သည့် ကော်ဖီအဖြစ် အသိအမှတ်ပြုခံရခြင်းသည်၊ ၂၀၁၆ ခုနှစ်တွင် Winrock (USAID) ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်မှ ကျင်းပသော ကော်ဖီ အရည်အသွေးပြိုင်ပွဲ (Coffee cupping competition) တွင် အနိုင်ရရှိခဲ့ရာမှ အစပြုခဲ့သည်။ မြန်မာနိုင်ငံကော်ဖီအသင်း (MCA) ၊ အစိုးရဌာနများနှင့် NGO အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ ပြည်တွင်း ပုဂ္ဂလိက လုပ်ငန်းရှင်အချို့၏ စိတ်အားထက်သန်စွာ ကြိုးပမ်းအားထုတ်မှုများကြောင့် မကြာသေးမီနှစ်များအတွင်း ချင်းပြည်နယ် တောင်ပိုင်းရှိ ကော်ဖီလုပ်ငန်းတွင် ထူးခြားစွာတိုးတက်မှုများ ဖြစ်ပေါ်ခဲ့ ပါသည်။ သို့သော်လည်း ချင်းပြည်နယ်မှ ထွက်ရှိသော ကော်ဖီအများစုအတွက်မူ သိသာထင်ရှားသော ဈေးကွက် အနေအထားမရရှိသေးပါ။ အထူးသဖြင့် မှားယွင်းနေသော ကော်ဖီသီးခူးဆွတ်မှု အလေ့အထများနှင့် ရိတ်သိမ်းချိန်လွန် အလေ့အကျင့်များကြောင့် ထွက်ရှိလာသော ကော်ဖီများမှာ အရည်အသွေးနိမ့်သည်ဟု ထုတ်လုပ်ရောင်းချသူများက သတ်မှတ်ကြသည်။ အရည်အသွေးဆိုင်ရာ ပြဿနာများကို ကျော်လွှားရန် အတားအဆီးများစွာ ရှိနေပါသေးသည်။

### ချင်းကော်ဖီဈေးကွက်ရရှိမှု

ချင်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိသော ကော်ဖီများသည် လက်ရှိကော်ဖီ ရောင်းဝယ် ရေး ဈေးကွက်ထဲသို့ အရည်အသွေး၊ အဆင့်အတန်း အပေါ် မူတည်၍ ဝင်ရောက်နေပါသည်။ ချင်းဒေသတောင်သူ အများစုသည် ခေတ်နောက်ကျသော အခြေခံ ထုတ်လုပ်နည်း ဖြင့်သာ ကော်ဖီဆံအခြမ်းခြောက် (parchments & green beans) များကို ထုတ်လုပ်နေပါသည်။ ကျေးရွာအဆင့်ရှိ တောင်သူ များထံမှ ထွက်ရှိသော ကော်ဖီစေ့ခြောက် များကို မြို့နယ်အဆင့် ကုန်သည် (သို့) ကော်ဖီမှုန့်လုပ်ငန်းရှင်များထံ တိုက်ရိုက်ရောင်းချကြသည်။ ချင်းပြည်နယ်ရှိ ကုန်သည်/ ကော်ဖီလုပ်ငန်းရှင်များသည် ပြင်ဦးလွင်မှ ကုန်သည်/ ကော်ဖီလုပ်ငန်းများနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ အထူး သဖြင့် ရွာငံ မှ ကော်ဖီလုပ်ငန်းတို့နှင့် ချိတ်ဆက်မှုများ တိုးတက်ဖြစ်ထွန်းလာကာ၊ ကော်ဖီသီးခူးဆွတ်ခြင်းနှင့် ခူးပြီးနောက်ပိုင်း ကိုင်တွယ်ပြုပြင်ထုတ်လုပ်ခြင်း တို့အပြင် ကော်ဖီစေ့လှော်နည်းစနစ်များ အထိ အဆင့်ဆင့် တွင် တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ အကျိုးရလဒ်အနေဖြင့် ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် ချင်းပြည်နယ်တောင်ပိုင်းက ထုတ်လုပ်သော အရည်အသွေးကောင်းသည့် ကော်ဖီစေ့ (green beans) များအတွက် ဈေးကွက်အလားအလာများ ပိုမို၍ ကောင်းမွန်လာပါသည်။ Hornbill Chin Coffee အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ကော်ဖီကို အမေရိကန်ဈေးကွက်သို့ ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ပမာဏ အနည်းငယ် တင်ပို့နိုင်ခဲ့သည်။ ဝယ်သူမှ ဆက်လက်ဝယ်ယူလိုသော်လည်း နောက်နှစ်များ တွင် နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ထုတ်လုပ် တင်ပို့မှု ရပ်တန့်ခဲ့သည် ။

### မြန်မာ့ကော်ဖီ ရောင်းဝယ်ဖေါက်ကားသူများ နှင့် ဝယ်ယူသူများ။

မန္တလေးကော်ဖီအဖွဲ့ (MCG) သည် မြန်မာ့ကော်ဖီ ရောင်းဝယ်လုပ်ငန်းတွင် အထူးတန်းဝင်ကော်ဖီကို ကိုယ်တိုင် ထုတ်လုပ်တင်ပို့ရောင်းချခြင်း၊ လုပ်ကွက်ငယ် ကော်ဖီ တောင်သူတို့၏ အထူးတန်းဝင်ကော်ဖီ ပြည်ပ တင်ပို့ရာတွင် နောက်ဆုံးအဆင့် ကြိတ်ခွဲသန့်စင်ရွေးချယ်ပေးခြင်း (export dry mill) ဝန်ဆောင်မှု နှင့် ပြည်ပပို့ကုန် တင်ပို့ခြင်းဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များအတွက် ဝန်ဆောင်မှု စသည့်

လုပ်ငန်းစဉ်များတွင် ဦးဆောင်မှုပေးနေပါသည်။ ရှာင်မြို့နယ်ရှိ အမရာ အမျိုးသမီးကော်ဖီ စိုက်ပျိုး ထုတ်လုပ် သူများအဖွဲ့သည် အာရေဗီကာ အထူးတန်းဝင် ကော်ဖီကို ကိုယ်တိုင်ထုတ်လုပ်၍ အမေရိကန်၊ ဂျပန်၊ ဩစတေးလျ နှင့် အခြားနိုင်ငံများသို့ တိုက်ရိုက်တင်ပို့နေသည်။ အမရာ အဖွဲ့သည် ရှမ်းပြည်နယ် တောင်ပိုင်း ရှာင်နှင့် အခြားမြို့နယ်များရှိ အခြားသော အသေးစား ကော်ဖီထုတ်လုပ်သူ ကျေးရွာအစုအဖွဲ့များနှင့် ချင်းပြည်နယ်မှ Horn Bill Chin Coffee ထုတ်လုပ် သူတို့အတွက်လည်း အထူးတန်းဝင်ကော်ဖီစေ့များ ပြည်ပတင်ပို့နိုင်ရန် အဖွဲ့ပိုင် dry mill စက်ဖြင့် export dry milling ဝန်ဆောင်မှု သာမက၊ ပြည်ပပို့ကုန် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုတို့ကိုပါ ဆောင်ရွက်ပေးနေပါသည်။ Golden Bean ကုမ္ပဏီသည် ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိသော ကော်ဖီများကို ဝယ်ယူ၊ ပြုပြင်ကြိတ်ခွဲကာ မလေးရှား၊ ထိုင်းနှင့် ဟောင်ကောင်တို့အထိ တင်ပို့ရောင်းချနေပါသည်။ Golden Bean ကုမ္ပဏီသည် အထူးတန်းဝင် ကော်ဖီနှင့် ရောင်းတန်းကော်ဖီ အဆင့်နှစ်မျိုးလုံးကို ထုတ်လုပ် ရောင်းချနေသော်လည်း ရောင်းတန်းကော်ဖီ အချိုးအစားမှာ ပိုများပါသည်။ Green Gold Coffee Cooperative သမဝါယမအဖွဲ့သည် Fairtrade အသိအမှတ်ပြု ထောက်ခံချက် ရရှိထားသော ကော်ဖီစေ့များကို Malango French Coffee Company မှတဆင့် ဥရောပဈေးကွက်သို့ ၂၀၁၇ မှ စတင်၍ လက်ရှိအချိန်အထိ တင်ပို့နေသည်။ လက်ရှိ အချိန်တွင် ကုမ္ပဏီသည် ကော်ဖီစေ့ ပျမ်းမျှ (၁၆၀) မက်ထရစ်တန်ခန့် နှစ်စဉ်တင်ပို့ရောင်းချ လျက်ရှိသည်။

### ဈေးနှုန်းသတ်မှတ်သည့် အလေ့အထများ။

မြန်မာနိုင်ငံရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသများတွင် နှစ်စဉ်၊ ကော်ဖီရာသီ အချိန်အခါအလိုက် လတ်ဆတ်သော ကော်ဖီသီးစိုများ (fresh coffee cherries)၊ ကော်ဖီစေ့အခြောက်များ (green beans) ကို ဝယ်ယူမည့် ဈေးနှုန်းသတ်မှတ်ခြင်းကို ရာသီမစတင်မီ အချိန်တွင် ဒေသတွင်းရှိ ကုန်သည်ကြီးများနှင့် ကော်ဖီစေ့ထုတ်လုပ်သည့် လုပ်ငန်းရှင်ကြီးများက ဦးဆောင် ကာ ဈေးဖွင့် သတ်မှတ်ကြသည်။ ကုန်သည်များသည် ကော်ဖီစေ့ခြောက် (green bean) ၏ ဈေးနှုန်းကို သတ်မှတ်ရာတွင် ထုတ်လုပ်မှုပမာဏ အများစု စီးဆင်းရာ အဓိကလမ်းကြောင်းနှစ်ခုဖြစ်သော တရုတ်နယ်စပ်နှင့် ထိုင်းနယ်စပ်ဂိတ်များတွင် ဖြစ်ပေါ်နေသည့် ဈေးနှုန်း ကမ်းလှမ်းမှုကို အဓိက ကိုးကားသည်။ အထူးတန်းဝင်ကော်ဖီ တင်ပို့ရောင်းချသူများ၏ ပြောကြားချက်အရ အထူးတန်းဝင် ကော်ဖီများအတွက် နိုင်ငံတကာဈေးကွက်၏ ပေါက်ဈေးမှာ တည်ငြိမ်နေပါသည်။ ထို့ကြောင့် ၎င်းတို့သည် ကော်ဖီသီးစို (fresh coffee cherries) ဈေးနှုန်းဖွင့်ရာတွင် ယခင်နှစ် ကော်ဖီရာသီအတွင်းဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းအခြေအနေ၊ ပို့ကုန်ဝင်ငွေအပေါ် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း၊ သယ်ယူပို့ဆောင်မှုများအတွက် ကုန်ကျစရိတ် စသည့် အချက်များကို ထည့်သွင်းစဉ်းစားလေ့ရှိပြီး အထူးတန်းဝင် ကော်ဖီ စိုက်ပျိုးထုတ်လုပ်နေသူများကို ဆွဲဆောင်နိုင်ရန် အတွက် အခြားသော ရောင်းတန်းကော်ဖီဝယ်ယူသူများ၏ ဈေးနှုန်း ကမ်းလှမ်းချက်များကိုလည်း နှိုင်းယှဉ် ကြည့်ရှုလေ့ရှိသည်။

### အရည်အသွေးလိုအပ်ချက်နှင့် ကြိုးပမ်းအားထုတ် မှုများ။

ကော်ဖီ၏ အရည်အသွေး ဆိုရာတွင် သွင်ပြင်လက္ခဏာများ ဖြစ်သည့် ကော်ဖီစေ့၏ ပုံသဏ္ဍာန်၊ အရွယ်အစား၊ အနုအကြမ်း (texture)၊ အရောင်နှင့် အစေ့၏ ဓာတ်ဖွဲ့စည်းမှုတို့ဖြင့်ထင်ဟပ်စေသည်။

ချင်းပြည်နယ်မှ ထုတ်လုပ်သော ကော်ဖီများ၏ အရည်အသွေးများမှာလည်း မတူညီသော ကော်ဖီစိုက်ပျိုးသူ များ၊ ကော်ဖီစေ့ထုတ်လုပ်သည့် လုပ်ငန်းရှင်များအလိုက်၊ ၎င်းတို့၏ ဦးတည်ဈေးကွက်များ၊ ၎င်းတို့ထံမှ ဝယ်ယူသူများ၏ အဆင့် ပေါ်မူတည်၍ကွဲပြားမည်ဖြစ်သည်။ ဈေးကွက်များက တောင်းဆိုသော ကော်ဖီအရည်အသွေး လိုအပ်ချက်များကို ပြည့်မီရန်အတွက် စွန့်ဦးတီထွင် ကော်ဖီလုပ်ငန်းရှင်အချို့သည် ထုတ်ကုန်ကွင်းဆက် တစ်လျှောက်တွင် ကောင်းမွန်သော အလေ့အကျင့်များကို ကျင့်သုံးရန် ကြိုးစားလာကြသည်။ ယင်းကြိုးစားမှုများတွင် တောင်သူများထံမှ ကော်ဖီသီးစိုဝယ်ယူပုံနည်းစံနစ်မှ စတင်၍ ကော်ဖီစေ့များရရှိအောင်ထုတ်လုပ်မှု လုပ်ငန်းစဉ်တွင် ပိုမိုကောင်းမွန်သော ပစ္စည်းကိရိယာများ၊ စက်ပစ္စည်း များနှင့် အခြေခံအဆောက်အအုံများဖြစ်သော နေရောင်ခြည် သုံးအခြောက်ခံစနစ်များကိုလည်း ကော်ဖီလုပ်ငန်းတွင် အဆင့်မြှင့်တင် အသုံးပြုလာကြခြင်းကို မင်းတပ်မြို့တွင် တွေ့ရသည်။ ထိုသို့လုပ်ဆောင်သူများသည် ချင်းပြည်နယ် တောင်ပိုင်းရှိ ကော်ဖီလုပ်ငန်း၏ ဈေးကွက် အလားအလာနှင့် အနာဂတ်အခင်းအကျင်းအပေါ် အပြည့်အဝနားလည် သဘောပေါက်ကြပြီးဖြစ်ကာ ဝယ်ယူသူများနှင့် စားသုံးသူ များမျှော်လင့်သော ကော်ဖီအရည်အသွေး လိုအပ်ချက် များကို ဖြည့်ဆည်းနိုင်ရန် ၎င်းတို့၏ ငွေကြေး၊ အချိန်နှင့် ကြိုးစားအားထုတ်မှုတို့ကို ရင်းနှီးမြှုပ်နှံခဲ့ရသည်။

### နောက်ဆုံးဈေးကွက် အခွင့်အလန်း။

မြန်မာနိုင်ငံမှ ကော်ဖီစေ့ ( green beans)များကို စီးပွားဖြစ်အများဆုံးတင်ပို့နေခဲ့သည့် အဓိကဈေးကွက်များမှာ ထိုင်း၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့ဖြစ်သည်။ ယင်းတို့နောက်တွင်


ဂျပန်၊ အာရပ်နိုင်ငံများ၊ တောင်ကိုရီးယား၊ ဩစတေးလျနှင့် ပြင်သစ်နိုင်ငံ တို့သို့လည်း တင်ပို့လျက်ရှိနေသော်လည်း ထို ဈေးကွက်များတွင် မြန်မာ့ကော်ဖီဈေးကွက်ဝေစု တိုးတက် ရရှိမှုမှာ အသင့်အတင့်သာ ရှိနေကြသေးသည်။ ကမ္ဘာ့ကော် ဖီဈေးကွက်တွင်း ဦးဆောင်နေသည့်နိုင်ငံများနှင့် တန်းမြင့် ဈေးကွက်များရရှိရန် ယှဉ်ပြိုင်နေကြသူများသည် ဖေါက်သယ် ပိုမိုရရှိရေး ကြိုးပမ်းရာတွင် ကော်ဖီထုတ်လုပ်မှု တွင် ပိုမို ကောင်းမွန်သော အလေ့အထများ ဖြစ်ပေါ်လာရေး အတွက် တွန်းအားပေးလျှက်ရှိကြသည်။ ကော်ဖီ စိုက်ပျိုး ထုတ်လုပ်သူ များအနေဖြင့် ကောင်းမွန်သော အလေ့အကျင့် များဖြစ် ပေါ်လာခြင်းသည်၊ ခက်ခဲသော အဟန့်အတားများ အသွင် မှ ပြောင်းလဲလာပြီး ဒေသတွင်းဈေးကွက် အမျိုးအစား စုံလင် လာစေခြင်းနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ရန် အတွက် တွန်းအားတစ်ခုအဖြစ် ပြောင်းလဲသွားစေပါမည်။

ဤအခြေအနေနှင့်ဆက်စပ်၍ ချင်းကော်ဖီအတွက် မီးမောင်း ထိုးပြနေသည့် အခွင့်အလန်းများမှာ အောက်ပါ အတိုင်း ဖြစ် ကြပါသည်။

- အထူးတန်းဝင်ကော်ဖီထုတ်လုပ်သည့် တန်းမြင့် ဈေးကွက် အခွင့်အလန်း
- အရည်အသွေးမြင့် ဈေးကွက်များ၏ လိုအပ်ချက် နှင့်အညီ ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုကို တိုးချဲ့ ဆောင်ရွက်ခြင်း
- Organic သို့မဟုတ် Fairtrade အသိအမှတ်ပြု ကော်ဖီသည် ချင်းကော်ဖီ အဝန်းအဝိုင်း အတွက် အမြင့်ဆုံးတန်ဖိုးကို ဖန်တီးပေးနိုင်သည်။

# PESTLE လေ့လာဆန်းစစ်ချက်

မြန်မာ့ငွေကြေးတန်ဖိုး ကျဆင်းခြင်း၊ စိုက်ပျိုးရေးတွင်အဓိက သွင်းအားစုများစရိတ် အလွန် မြင့်မားလာခြင်း ၊ ထောက်ပံ့ ပို့ဆောင်ရေးနှင့် သယ်ယူ ပို့ဆောင်ရေးစရိတ်များ ကြီးမြင့်ခြင်း ၊မရေရာသော နိုင်ငံတကာ ကုန်သွယ်မှု အခြေအနေများ အစရှိ သည့် အလွန်ထိခိုက်လွယ်သော နိုင်ငံရေး အခြေအနေများသည် ကော်ဖီတန်ဖိုးကွင်းဆက် တစ်လျှောက်အတွက် စိန်ခေါ်မှုများ စွာ ရှိနေပါသည်။ စီးပွားရေးအနေဖြင့် ငွေကြေးဖောင်းပွမှု၊ စားသုံးသူများ အတွက် ကုန်ဈေးနှုန်းမြင့်မားမှု၊ မတည်ငြိမ်မှု များ၊ အလုပ်အကိုင် အခွင့်အလမ်းများ ကျဆင်းနေမှု တို့ဖြစ် ပေါ်ကာ၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကုန်ထုတ်စွမ်းအား များ ကျဆင်းကာ တိုင်းပြည်စီးပွားရေး ကျဆင်းခြင်းသို့ ဦးတည်နေသည်။ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အချက် များအနေဖြင့် ခေတ်မီသော စားသုံးသူများ၏ ကျန်းမာရေး နှင့် ညီညွတ်သော အစားအစာများကို ပိုမိုတောင်းဆိုလာ ခြင်း ၊ ဖွံ့ဖြိုးပြီး နိုင်ငံများရှိ စားသုံးသူများ၏ fairtrade ကဲ့သို့ အသိအမှတ်ပြု ကော်ဖီထုတ်ကုန်များ ၊ ကဖင်းဓါတ် မပါသော ကော်ဖီများကို ဝယ်လိုအားမြင့်တက်မှုသို့ ဦးတည်နေသည်။ ကော်ဖီလုပ်ငန်း တွင် နည်းပညာဆိုင်ရာ ကြီးမားသော ပြောင်းလဲမှုများထဲမှ တစ်ခုမှာ ကော်ဖီနှင့်ဆက်စပ်သော စက်ပစ္စည်းနှင့် အသုံးအဆောင် အသစ်များ ပေါ်ထွန်းလာ ခြင်း ဖြစ်သည်။ ကော်ဖီအခွံခွာခြင်း၊ အခြောက်ခံခြင်း၊ ကြိတ် ခွဲအခွံချွတ်ခြင်း တို့အပြင် ကော်ဖီလှော်ခြင်း၊ အမှုန့်ကြိတ် ခြင်း၊ ကော်ဖီနှပ်ခြင်း၊ ဖျော်ခြင်း စသည့် အဆင့်များအတွက် စက်ကိရိယာများ ပေါ်ပေါက်လာခြင်းကြောင့် ပုဂ္ဂလိက ကဏ္ဍ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ကော်ဖီ လုပ်ငန်းစဥ် အသီးသီးတွင် ရင်းနှီးလုပ်ကိုင်လိုမှုများ တိုးတက် လာပြီး ပြည်တွင်းဈေးကွက်ရော နိုင်ငံတကာ ဈေးကွက်များသို့ ပါ ထိုးဖေါက်ရောင်းချနိုင်လာပါသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များအနေဖြင့်၊ ရေရှည်တည်တန့်မှုမရှိသည့် သစ်တောကိုခုတ်ထွင် မီးရှို့ပြီး စိုက်ပျိုးခြင်းနည်းလမ်းသည် သစ်တောပြုန်းတီးမှုများကို ဖြစ်စေသည်။ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ရသည့် ကိစ္စများမှာ ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအများအပြား အသုံးပြုခြင်း အပြင် စီးပွားဖြစ်စိုက်ပျိုးရေးတွင် ရေအသုံးပြုမှု စံနစ် တို့ ပါဝင်သည်။ ချင်းပြည်နယ်တွင် ရေရှည်တည်တံ့သော ကော်ဖီထုတ်လုပ်မှု အလေ့အကျင့်များကို စတင် ဆောင်ရွက် ခြင်းဖြင့် ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကို အထောက်အကူ ဖြစ်စေပါမည်။ အော်ဂဲနစ်ကော်ဖီနှင့် Fairtrade ကော်ဖီများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အသိအမှတ်ပြု လက်မှတ်များရယူ ခြင်းသည် သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကော်ဖီ စီးပွားရေးလုပ်ငန်းကို ရေရှည်တည်တံ့စေရန် အထောက်အကူ ဖြစ်စေပါသည်။ တရားဥပဒေပိုင်းဆိုင်ရာအရ ကော်ဖီသည် စားသောက်ကုန် အဖြစ် ထုတ်လုပ်ထားသော ထုတ်ကုန်တစ် ခု ဖြစ်ရာ ကော်ဖီထုတ်လုပ်မှုသည် ကမ္ဘာ့တရားစီရင်ပိုင်ခွင့်ရှိ သော အစားအသောက်ကူးသန်းရောင်းဝယ်မှုဆိုင်ရာစည်းမျဉ်း များ အားလုံးနီးပါးကို လိုက်နာရသည်။ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ ကြီး (WTO) အဖွဲ့ဝင် ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသည် WTO ၏ ကုန်သွယ်မှုဆိုင်ရာလိုအပ်ချက်များနှင့် ဝယ်သူဘက်မှ တောင်းဆိုထားသည့်အချက်များကို လိုက်နာ ဆောင်ရွက် ရ ပါသည်။




**အကြံပြုချက်များ**

၁။ စိုက်ပျိုးထုတ်လုပ်မှုနှင့် စုစည်းဝယ်ယူမှုအဆင့်တွင် ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ရန် အတွက် ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှု၊ နယ်မြေသတ်မှတ် ဆောင်ရွက်မှုနှင့် ရောင်းဝယ်ရေးအလေ့အကျင့်များတွင် နည်းပညာပိုင်း၊ အရည်အသွေးပိုင်း နှင့် ရေရှည်တည်တံ့နိုင်သော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရပါမည်။
၂။ ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုအဆင့်တိုင်းတွင် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးရာတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကော်ဖီ အခြောက်ခံခြင်းနည်းပညာများ၊ ခူးဆွတ်ပြီးနောက်ပိုင်း ကိုင်တွယ် ထိန်းသိမ်းနည်းစံနစ်များ အတွက် သင်တန်းများ ပို့ချချက်နှင့် အထောက်အကူပစ္စည်းများ ပြင်ဆင်ရပါမည်။
၃။ ကော်ဖီသီးစုဆောင်းခြင်းနှင့် ကော်ဖီစေ့ထုတ်လုပ်ခြင်းကို အဆင့်မြှင့်တင်ရန်အတွက် ကော်ဖီသီးဝယ်ယူသူများ၊ ကော်ဖီစေ့ အဆင့်ဆင့်ထုတ်လုပ်သူများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် သင့်လျော်သော စုစည်းဝယ်ယူခြင်းစံနစ်ပုံစံ၊ နမူနာရယူစစ်ဆေးခြင်း အဆင့်ဆင့် အတွက်လုပ်ငန်းစဉ် protocols များကို မိတ်ဆက်ပေးခြင်းဖြင့် ထုတ်ကုန် အရည်အသွေးမြင့်လာကာ ၊ ချင်းကော်ဖီကဏ္ဍတိုးတက်လာအောင် ဆောင်ရွက်ရပါမည်။
၄။ အရည်အသွေးမြင့် ချင်းကော်ဖီများကို နိုင်ငံတကာဈေးကွက်များသို့ ထိုးဖေါက်ဝင်ရောက်နိုင်ရန် အတွက် ပြည်တွင်းနှင့် နိုင်ငံတကာ အသင်းအဖွဲ့များနှင့် ဈေးကွက်ချိတ်ဆက် မှုနှင့် ကွန်ရက် ဆက်သွယ်မှုများကို ချဲ့ထွင် ဆောင်ရွက်ရပါမည်။
၅။ ဒေသတွင်း ကော်ဖီထုတ်လုပ်သူများ၏ လုပ်ငန်းဆိုင်ရာ ငွေကြေးလိုအပ်ချက်များရရှိနိုင်မှု တိုးတက်ကောင်းမွန်လာစေရန် အတွက် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ၏ ကာလလတ်ချေးငွေများ နှင့် ချိတ်ဆက်ပေးခြင်းဖြင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်အမျိုးအစား စုံလင်စေခြင်းတို့နှင့် သက်ဆိုင်သော ချေးငွေများ ရရှိနိုင်စေပါသည်။
၆။ ကော်ဖီတန်ဖိုးကွင်းဆက်တွင် ပါဝင်သူများအနေဖြင့် သတင်းအချက်အလက်များ မစုံလင်ခြင်းကြောင့် ဖြစ်ရသည့် အခက်အခဲ များကို ကျော်လွှားနိုင်စေရန်အတွက် စနစ်ကျသော သတင်းအချက်အလက် စုဆောင်းခြင်း၊ အဓိပ္ပါယ်ပြန်ဆိုခြင်း နှင့် ဖြန့်ဝေခြင်း အပါအဝင် ဈေးကွက်သတင်းအချက်အလက် ဝန်ဆောင်မှုများကို နေ့စဉ် ရရှိနိုင်အောင် လုပ်ဆောင်ရပါမည်။